# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 27 June 2023 ၁၁၁၃၉


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့ (ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA၊ KNU/ KNLA–PC၊ LDU၊ PNLO အဖွဲ့တို့မှ ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့ (ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။

## ယနေ့ ဖတ်စရာ


**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၃

**“မိုခါ”မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက်**



**ကြိုးပမ်းဆောင်ရွက်ချက်များ(၈) (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

ဆောင်းပါး စာမျက်နှာ » ၆

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီး**



စာမျက်နှာ » ၄

ကြေးမုံ

# လူမှုစီးပွားဘဝလုံခြုံရေး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် ပထမအချက်တွင် "ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်"ဟု ချမှတ်ထားသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ အဓိကလိုအပ်ချက်မှာ လူမှုဘဝတွင် လုံခြုံစိတ်ချစွာဖြင့် စိတ်အေးချမ်းစွာနေထိုင်နိုင်ပြီး စီးပွားဥစ္စာရှာဖွေစားသောက်နိုင်ရေးဖြစ်သည်။

ပြည်သူများ လူမှုစီးပွားဘဝလုံခြုံစိတ်ချမှုရှိစေရန်အတွက် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ဖြစ်သော်လည်း ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှသာ ပိုမိုလုံခြုံစိတ်ချသောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထု ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်မှုကြောင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို ခိုင်မာစွာတည်ဆောက်နိုင်ခဲ့သော သက်သေသာဓကများ များစွာရှိသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ကြသော အစဉ်အလာကောင်းများရှိသဖြင့် ပေါ်ပေါက်လာသောအန္တရာယ်များကို ဆောလျင်စွာရှင်းလင်းနိုင်ပြီး ပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်ကြသည်။

မျက်မှောက်ကာလတွင် ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာလုံခြုံရေးအတွက် ပါဝင်ဆောင်ရွက်လိုသော်လည်း အကြမ်းဖက်အဖွဲ့ NUG နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ပြည်သူများအကြောက်တရားကြီးမားလာအောင် ရက်စက်ကြမ်းကြုတ်မှု၊ လုပ်ကြံသတ်ဖြတ်မှုများကြောင့် ပူးပေါင်းပါဝင်မှုအားနည်းသည်ဟု သုံးသပ်ရသည်။ ထို့ကြောင့် အကြမ်းဖက်သမားများ ခေါင်းထောင်နေသေးခြင်းဖြစ်သည်။ ၎င်းတို့ရှင်သန်ရပ်တည်နိုင်ရန် လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းကို ဆက်လက်ကျင့်သုံးနေသည်။

ယခုအခါ လုံခြုံရေးတပ်ဖွဲ့များ၏ စွန့်စားကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အကြမ်းဖက်သမားများအား ခပ်စိပ်စိပ်ရှင်းလင်းဖယ်ရှားနိုင်လာသည်။ အကြမ်းဖက်မှုများချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချမှုရရှိလာအောင် ရေးရှုဆောင်ရွက်နိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်သလို ဆက်လက်၍လည်း လုံခြုံရေးတပ်ဖွဲ့များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်၍ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လ ၁၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် ရွှေဆိုင်တစ်ဆိုင်ကို ဓားပြတိုက်ခဲ့သူများနှင့်ဆက်စပ်ပါဝင်သူ ကိုးဦးနှင့် ဓားပြတိုက်ခဲ့သည့် ရွှေထည်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့က အချိန်ငါးနာရီအတွင်း ပြန်လည်ရမိခဲ့ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ ကူညီဆောင်ရွက်ပေးခြင်း အကျိုးရလဒ်ဖြစ်ပေသည်။ တစ်ဆက်တည်းတွင် ဖမ်းဆီးရမိတရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါရွှေဆိုင်ဓားပြတိုက်သူများသည် တွံတေးမြို့ပြပျောက်ကျားအမည်ခံ အကြမ်းသမားများအဖြစ် ဖော်ထုတ်တွေ့ရှိခဲ့သည်။

တွံတေးမြို့ပြပျောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့သည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် KNLA တပ်မဟာ(၆)နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် တွံတေးမြို့နယ် ဂယက်လက်မီးကျေးရွာ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ပြီး တွံတေးမြို့နယ်နှင့် ရန်ကုန်မြို့အတွင်း လုပ်ကြံသတ်ဖြတ်မှု အကြိမ် ၂၀၊ ဓားပြတိုက်လုယက်မှု သုံးကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှုတစ်ကြိမ် ကျူးလွန်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ လက်ရှိအချိန်အတွင်း အဆိုပါအကြမ်းဖက်သမားများ ပြည်သူများကြားတွင်စိမ့်ဝင်ပြီး အကြမ်းဖက်လုယက်သတ်ဖြတ်မှုများကို သင်ခန်းစာယူ၍ သုံးသပ်ဆင်ခြင် သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပေါ်ပေါက်လာသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်အဖွဲ့ NUG နှင့် EAO အချို့၏ ထောက်ပံ့ကူညီပေးမှုဖြင့် ပြည်တွင်း၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သမားများသည် ပြည်သူများအတွင်းမှ ပေါ်ပေါက်လာပြီး ပြည်သူများကြားတွင် စိမ့်ဝင်ခိုအောင်းကာ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ဓားပြတိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် ဒုစရိုက်မှုများ၊ တိုင်းပြည်ဖျက်ဆီးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ပြည်သူများကြားမှ အကြမ်းဖက်သမားများကို အမြန်ဆုံးရှင်းလင်းဖယ်ရှားနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရေးက အရေးကြီးသည်ကို ဖြစ်စဉ်များက မီးမောင်းထိုးပြထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိရာ ပြည်သူလူထုကြားမှ အကြမ်းဖက်အဖျက်သမားများအား ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ ကူညီဆောင်ရွက်မှုဖြင့် အမြန်ဆုံးချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးမြတ်သက်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၆

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြတ်သက်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတသောင်းလွန်း စီဆိုလစ်ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်



## ကျောင်းကုန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



ကျောင်းကုန်း ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက် ၈ နာရီတွင် မြို့မဈေးအနီး၌ ရောင်းချပေးခဲ့သည်။

ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် ရည်ရွယ်ပြီး ဆန်တစ်ပြည်လျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ်၂၃၀နှုန်းဖြင့် ကြက်ဥအလုံး ၆၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပိဿာ ၅၀ တို့အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## အုတ်ဖိုမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ

အုတ်ဖို ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ကျင်းပသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် တိမ်မြုတ်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၁၀)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဌ ဗိုလ်မှူးဖြိုးမင်းဦး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများ၌ မန်ကျည်းရှားပျိုးပင်ပေါင်း ၅၄၀ ကို စနစ်တကျ စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၅၆ | ၄၄၃,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၆၉၆ | ၂,၀၁၈,၄၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၁၈၂ | ၁,၃၁၀,၄၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၄,၁၀၅ | ၆,၁၅၇,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၅၀ | ၁၅၄ | ၃၆၉,၆၅၀ |
| EFR | ၂,၅၀၀ | ၂,၄၅၀ | ၄၁၇ | ၁,၀၂၇,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၃ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့
ဝဏ္ဏကျော်ထင်ဘွဲ့

၁။ H.E. Dr Nikolay LISTOPADOV — မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး, ရုရှားဖက်ဒရေးရှင်းနိုင်ငံ

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၉ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်သင်းသင်းချိုအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်သည် မြန်မာနိုင်ငံရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတွင် ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်အထိ တာဝန်ထမ်းခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စတင်ပေးအပ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်သည် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်၊ ရေးနိုင်သူတစ်ဦးလည်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ချိန်မှစ၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးဖြစ်သည်အထိ မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနီးကပ်အောင် တည်ဆောက်ပေးနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံတွင် သံတမန်အဖွဲ့နာယက တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်း၊ ဗုဒ္ဓစာပေများကို ရုရှားဘာသာဖြင့် ရေးသား၍ ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင်လည်း မြန်မာ-ရုရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုနီးကပ်ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်အား စွမ်းဆောင်ရည်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်၊ အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲအစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

### တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်အမှာစကားများပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့ကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ALP၊ DKBA ၊ KNU/KNLA-PC၊ LDU၊ PNLO အဖွဲ့တို့မှ ကိုယ်စားလှယ်အဖွဲ့များကို တွေ့ရစဉ်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်လိုသော အချက်များ၊ ယခင် ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၂၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger, 11 KW) ၁၂ ခုသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီး





မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ရှမ်းပြည်နယ်တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး မြန်မာနိုင်ငံအတွင်း တစ်နှစ်တာကာလ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားများကိုတစ်ပြိုင်တည်း ပြုလုပ်၍ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

## တက်ရောက်

ယနေ့ကျရောက်သည့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ နံနက် ၁၁ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အစီအစဉ်ကို ပြုလုပ်ရာမူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၅ ဒသမ ၈၈၅ ကီလိုကျော်၊ ဘိန်းဖြူ ၅၆၂ ဒသမ ၈၀၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၃ သန်းကျော်၊ အိုက်စ် ၄၇၉၃ ဒသမ ၃၀၈ ကီလိုကျော်၊ ကက်တမင်း ၈၀၅ ဒသမ ၃၅၉ ကီလိုကျော်၊ ဆေးခြောက် ၁၈၀ ဒသမ ၈၇၆ ကီလိုကျော်၊ ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၃ မျိုးနှင့် ဓာတုပစ္စည်း ၅၂ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၃၅၅ ဒသမ ၂၆၈ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၁၇၅ သန်း)ကို ဖျက်ဆီးခဲ့သည်။

ထို့ပြင် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ဒဂုံရော ကုန်တင်ယာဉ်ရပ်နားကွင်း၌ နံနက် ၈ နာရီတွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲချုပ်ဗိုလ်ချုပ်ဇင်မင်းထက်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး ကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## လိုက်လံကြည့်ရှု

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဧည့်သည်တော်များမှ မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို လိုက်လံကြည့်ရှုခြင်းတို့ပြုလုပ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှ ဖမ်းဆီးရမိသော ဘိန်း ၁၇၆ ဒသမ ၂၃၂ ကီလိုကျော်၊ ဘိန်းဖြူ ၉၂ ဒသမ ၅၂၁ ကီလို ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ သန်းကျော်၊ အိုက်စ် ၁၂၇၄၈ ဒသမ ၃၀၅ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ကက်တမင်း ၄၁၆၃ ဒသမ ၁၃၂ ကီလိုကျော်၊ ဆေးခြောက် ၃၈၅ ဒသမ ၈၇၇ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၀ မျိုးနှင့် ဓာတုပစ္စည်း ၁၆ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၃၆ ဒသမ ၄၅၆ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၂၀၇ ဒသမ ၈၃၆၄ သန်းကျော်)ကို ဖျက်ဆီးခဲ့သည်။

## ဆုချီးမြှင့်

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့ပြီး စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၅ သို့ ❖



မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မီးရှို့ဖျက်ဆီးမည့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၆**

(၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ဗဟိုအဆင့်နှင့် တိုင်းအဆင့်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေနှင့်သာ ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမျိုးမဟုတ်ဘဲ နိုင်ငံတိုင်းသာမက တစ်ကမ္ဘာလုံးပါသက်ဆိုင်ပြီး လူသားမျိုးနွယ်




တစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာဖြစ်ကြောင်း၊ လူငယ်များ၏ဘဝ၊ လူသားအားလုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးဆိုသည့် အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်စေရန် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင်ပြီး ကာကွယ်တွန်းလှန် ဖြိုဖျက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးကင်းစင်သည့် နိုင်ငံ DRUG FREE NATION ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နေပြည်တော်ကို မူးယစ်ဆေးဝါးကင်းမဲ့သည့်ဒေသ DRUG FREE REGION ဖြစ်လာစေရေး ဝိုင်းဝန်းကာကွယ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆုရကျောင်းသား ကျောင်းသူများ၏ မိဘများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ထံမှပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နေပြည်တော်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၄ မှ

မန္တလေးမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်း၌ နံနက် ၈ နာရီခွဲတွင် ပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တရုတ်ကောင်စစ်ဝန်ချုပ် နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် သူနာပြုတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မီးရှို့ဖျက်ဆီးမည့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ပန်းချီ၊ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

**မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော် ဖျက်ဆီးခဲ့**

ဆက်လက်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၊ အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၈ ဒသမ ၀၃၁ ကီလိုကျော်၊ ဘိန်းဖြူ ၆၁၀ ဒသမ ၄၄၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သန်းကျော်၊ အိုက်စ် ၃၅၂၇ ဒသမ ၇၅၄ ကီလိုကျော်၊ ကက်တမင်း ၂၂ ဒသမ ၆၇၃ ကီလိုကျော်၊ ဆေးခြောက် ၂၇၄ ဒသမ ၇၈၇ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၁၉ မျိုးနှင့် ဓာတုပစ္စည်း ၁၅ မျိုး၊ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၄၄ ဒသမ ၉၉၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၀၄၆၇ သန်း)ကို ဖျက်ဆီးခဲ့သည်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်များကို တောင်ကြီးမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဘိန်း ၁၁၃၀ ဒသမ ၁၄၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၂၆၅ ဒသမ ၇၇၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ် ၂၁၀၆၉ ဒသမ ၃၆၇ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ဒသမ ၈၃၈ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ဒသမ ၅၄၁ ကီလိုကျော်၊ ကက်တမင်း ၄၉၉၁ ဒသမ ၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၃၀၇ ဒသမ ၃၁၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၁၀၈ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၉၃၆ ဒသမ ၇၂၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၀၅၈ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တာဝန်ရှိသူများ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို စက်ခလုတ်နှိပ်၍မီးရှို့ဖျက်ဆီးပေးစဉ်။

# “မိုခါ”မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၈) (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

––––– မြင့်စိုး(နတလ) –––––



စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ၌ လယ်ယာမြေများအား သရုပ်ပြထွန်ယက်ပေးစဉ်။

**ရေချမ်းပြင်သို့ ရောက်ခဲ့သည်**

ကုလားတန်မြစ်ကို ဂစ္ဆပနဒီ သို့မဟုတ် ကစ္ဆပနဒီမြစ်ဟုခေါ်ကြသည်။ မယူမြစ် သို့မဟုတ် မလ္လာနဒီဟု ရှေးကခေါ်တွင်လာကြသည့် မေယုမြစ်ဆိုသည်ကလည်း ရှိနေသေးသည်။ လေးမြို့မြစ်ကိုမူ အဥ္စနနဒီဟုခေါ်ဆိုကြကြောင်းသိရသည်။ ရန္ဒနဒီ (ခေါ်) ရန်ချောင်း၊ သီရိမာနဒီ (ခေါ်) သရေချောင်းတို့သည်လည်း ရခိုင်ပြည်နယ်၏ ထင်ရှားသော မြစ်ချောင်းများထဲတွင် ပါဝင်နေကြသည်။ အဆိုပါမြစ်ချောင်းများသည် ရခိုင်ပြည်နယ်၏ အသက်သွေးကြောများဆိုလျှင် မမှားပေ။ ဤမည်သော မြစ်ချောင်းများစွာတို့ကို အမှီပြု၍ စားရေရိက္ခာပေါများခဲ့သည်။ သမိုင်းစဉ်တစ်လျှောက် ဆန်ရေစပါးပေါများကြွယ်ဝရာ အရပ်ဒေသဖြစ်ခဲ့ခြင်းကြောင့် ဓညဝတီဟူ၍ အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း သုတေသီများက ဆိုကြသည်။ ထို့ပြင်တဝ ပေ၊ ပုရပိုက်၊ ကျောက်စာများတွင် ပါရှိသည့်အတိုင်း သေလာဂိရိ၊ မောရပဗ္ဗတ၊ သီရိဂုတ္တ၊ နီလာပဗ္ဗတ အစရှိသော တောတောင်အမည်နာမများဖြင့် ထေရဝါဒဗုဒ္ဓသာသနာယဉ်ကျေးမှု ထွန်းကားရာ၊ သာသနာရောင်ဝါ ထွန်းလင်းတောက်ပရာဒေသဖြစ်ခဲ့ခြင်းကြောင့်လည်း ဓညဝတီကို ရွှေပြည်ငွေပြည် သို့မဟုတ် ရတနာရွှေမြေဟူ၍လည်း ခေါ်ဝေါ်သမုတ်ခဲ့ကြကြောင်း မှတ်သားခဲ့ဖူးသည်။

ဝတီလေးရပ် အမည်နာမဖြင့် ထင်ရှားကျော်ကြားခဲ့သော ရခိုင်ပြည်နယ်သို့ ၁၉၉၇ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်များတွင်မူ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပေးနေသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကြောင်းပြု၍ မကြာမကြာရောက်ခွင့်ကြုံခဲ့သည်။ မယူမြစ် (ခေါ်) မေယုမြစ်ကိုဆန်၍ ဘူးသီးတောင်သို့သွားရောက်ကာ ထိုမှတစ်ဆင့် ဘူးသီးတောင် - တောင်ဘဇာလမ်း ဖောက်လုပ်နေမှု၊ တောင်ဘဇာမှ ဗန္ဓုလလမ်း ၄၅/၀ မိုင်ဖောက်လုပ်ရန် လျာထားဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ဖူးသည်။ မောင်တောဒေသတွင်မူ ဝေသာလီ-ဥဒေါင်းလမ်း ၁၃/၀ မိုင်ကို ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးထားပြီးဖြစ်သည်။ ဤမည်သော မောင်တောဒေသကို ဘူးသီးတောင်မှ တစ်ဆင့် သွားလာနိုင်သကဲ့သို့ စစ်တွေမှ ရေချမ်းပြင်ကူးတို့ဆိပ်သို့ သွားရောက်ပြီး စက်လှေဖြင့် ပင်လယ်ဝကိုဖြတ်၍ အငူမော်ဆိပ်ကမ်းဘက်သို့ ကူးကာ အငူမော်မှ မောင်တော ၅၀/၀ မိုင်ကို ကားဖြင့် သွားရောက်နိုင်သည်။ အငူမော်မှ ၂၄/၀ မိုင်ခန့်အကွာတွင် ကျောက်ပန္ဒုဟု အမည်ရသော ရွာလေးရှိနေသည်။ ထိုရွာလေးအနီးက ပင်လယ်ထဲမှာ ထီးထီးမားမားကြီး တွေ့မြင်နိုင်သော ကျောက်တုံးကြီးတစ်တုံး ရှိနေသည်။ အဝေးက လှမ်းကြည့်လျှင် ဆေးတံခေါင်းကြီးနှင့်တူနေသောကြောင့် ရခိုင်စကားအရ ကျောက်ပန္ဒု၊ ကျောက်ဆေးတံကြီးဟုခေါ်တွင်ခြင်းဖြစ်ကြောင်း သိရသည်။ ကျောက်ဆေးတံကြီးကို အနီးကပ်သွားရောက်ကြည့်ရှုလျှင် ထိုင်စရာပလ္လင်ကြီးတစ်ခုနှင့်တူနေပြန်သည်။ တစ်ချိန်က သီတာမင်းသမီးထိုင်ခဲ့ဖူးသော ပလ္လင်ဖြစ်၍ မဟာ်သီတာပလ္လင်ဟူ၍လည်း ခေါ်ခဲ့ကြကြောင်း ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ကြားသိရသေးသည်။

တစ်ချိန်က မကြာခဏရောက်ခဲ့ဖူးသော ရေချမ်းပြင်ကူးတို့ဆိပ်သို့ ဇွန်လ ၄ ရက်နေ့က ပြန်လည်ရောက်ခွင့်ကြုံလာခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသမြို့နယ်များတွင် မိုးစပါးအမီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီးများ ပေးပို့လာရာ စစ်တွေမြို့သို့ သင်္ဘောဖြင့် ရောက်ရှိလာခဲ့သည်။ ၎င်းထွန်စက်များ အနက် ၁၄ စီးကို ရေချမ်းပြင်ဆိပ်တွင် တပ်မတော် ကမ်းထိုးရေယာဉ်များ ပေါ်သို့ တင်ဆောင်ကာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ခွဲဝေပို့ဆောင်ပေးခဲ့သည်။ ယင်းသို့ပို့ဆောင်ပေးခြင်းကို စစ်တွေမြို့တွင် ရောက်ရှိနေသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့်အဖွဲ့က သွားရောက် အားပေးကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

**သရုပ်ပြထွန်ယက်၊ မျိုးစပါးများ ပေးအပ်ခဲ့**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်ဒေသများတွင် အချိန်မီထွန်ယက်၍ မိုးစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရောက်ရှိလာသော လယ်ထွန်စက်ကြီးများဖြင့် သရုပ်ပြထွန်ယက်ခြင်းနှင့် အထွက်တိုးစပါးမျိုးများ ပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၇ ရက်နေ့က စစ်တွေမြို့နယ် ပျားလည်ချောင်းကျေးရွာ (ရွာဟောင်း) တွင် ပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဂုဏ်ပြုအားပေးစကားများ ပြောကြားခဲ့ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပန်းတိုင်အထွက်နှုန်းရရှိစေရန် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုတိုက်တွန်းမှာကြားခဲ့သည်။ ဇွန်လ ၁၂ ရက်နေ့ကလည်း စစ်တွေမြို့နယ် ကွန်းတောင်ကျေးရွာတွင် သရုပ်ပြထွန်ယက်ခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့လည်း တက်ရောက်အားပေးခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ◆

> **တစ်ချိန်က မကြာခဏရောက်ခဲ့ဖူးသော ရေချမ်းပြင်ကူးတို့ဆိပ်သို့ ဇွန်လ ၄ ရက်နေ့က ပြန်လည်ရောက်ခွင့်ကြုံလာခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသမြို့နယ်များတွင် မိုးစပါးအမီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်ကြီးများ ပေးပို့လာရာ စစ်တွေမြို့သို့ သင်္ဘောဖြင့် ရောက်ရှိလာခဲ့သည်။ ၎င်းထွန်စက်များအနက် ၁၄ စီးကို ရေချမ်းပြင်ဆိပ်တွင် တပ်မတော် ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်ကာ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ခွဲဝေပို့ဆောင်ပေးခဲ့**



ရေချမ်းပြင်ကူးတို့ဆိပ်၌ လယ်ထွန်စက်ကြီးများအား ကမ်းထိုးရေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။





စစ်တွေမြို့နယ် ဝါဘိုလယ်သမားတာအား ပြန်လည်ပြုပြင်ပေးစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့် တောင်သူလယ်သမားများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများကို တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်စဉ်။

**“စက်မှုလယ်ယာဦးစီးဌာနသည် မြို့နယ်အသီးသီးတွင် မူလကတည်းကရှိပြီး ထွန်စက်အစီး ၅၀၊ ထပ်မံရောက်ရှိလာသော ထွန်စက် ၃၃ စီး စုစုပေါင်း ၈၃ စီးဖြင့် မိုးစပါးရာသီအမီ ထွန်ယက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်တွင် ထွန်စက် ၃၅ စီး၊ ရသေ့တောင်မြို့နယ်တွင် ထွန်စက် ၁၄ စီး၊ ကျောက်တော်မြို့နယ်တွင် ၁၃ စီး၊ မြောက်ဦးမြို့နယ်တွင် လေးစီး၊ မင်းပြားမြို့နယ်တွင် လေးစီး၊ သံတွဲမြို့နယ်တွင် ခုနစ်စီး၊ ကျောက်ဖြူမြို့နယ်တွင် နှစ်စီး၊ အမ်းမြို့နယ်တွင် နှစ်စီး၊ မောင်တောမြို့နယ်တွင် နှစ်စီးတို့ဖြင့် ဖြန့်ခွဲထွန်ယက်ပေးနေ”**

◆ စာမျက်နှာ ၆ မှ

**မြို့နယ်အသီးသီးတွင် စက်မှုလယ်ယာက ထွန်ယက်ပေးနေ**

စက်မှုလယ်ယာ ဦးစီးဌာနသည် မြို့နယ်အသီးသီးတွင် မူလကတည်းကရှိပြီး ထွန်စက် အစီး ၅၀၊ ထပ်မံရောက်ရှိလာသော ထွန်စက် ၃၃ စီး စုစုပေါင်း ၈၃ စီးဖြင့် မိုးစပါးရာသီအမီ ထွန်ယက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်တွင် ထွန်စက် ၃၅ စီး၊ ရသေ့တောင်မြို့နယ်တွင် ထွန်စက် ၁၄ စီး၊ ကျောက်တော်မြို့နယ်တွင် ၁၃ စီး၊ မြောက်ဦးမြို့နယ်တွင် လေးစီး၊ မင်းပြားမြို့နယ်တွင် လေးစီး၊ သံတွဲမြို့နယ်တွင် ခုနစ်စီး၊ ကျောက်ဖြူမြို့နယ်တွင် နှစ်စီး၊ အမ်းမြို့နယ်တွင် နှစ်စီး၊ မောင်တောမြို့နယ်တွင် နှစ်စီးတို့ဖြင့်ဖြန့်ခွဲထွန်ယက်ပေးနေကြောင်း သိရသည်။

**စပါးမျိုးများ ပို့ဆောင်ပေးမည်**

မေလ ၁၄ ရက်နေ့က ဝင်ရောက်တိုက်ခတ်ခဲ့သော “မိုခါ”မုန်တိုင်းကြောင့် စစ်တွေမြို့ သိုလှောင်ရုံတွင် သိုလှောင်ထားသည့် စပါးမျိုးကောင်းမျိုးသန့် ၂၆၈၆၅ တင်းသည် သိုလှောင်ရုံပြိုကျမှုနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အလားတူ မုန်တိုင်းဒဏ်ကို အများဆုံးခံခဲ့ကြရသည့် ရခိုင်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ တောင်သူများ၏မျိုးစပါးများသည်လည်း နေအိမ်များ အမိုးလန်ပျက်စီးမှုနှင့်အတူ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များအလိုက် မျိုးစပါးလိုအပ်မှုအခြေအနေကို ရယူခဲ့ရာ စစ်တွေခရိုင် စစ်တွေမြို့နယ် ကျေးရွာအုပ်စု ၁၂ ခုရှိ တောင်သူ ၇၄၇ ဦးအတွက် မျိုးစပါး တင်း၂၅၀၀၊ ရသေ့တောင်မြို့နယ် ကျေးရွာအုပ်စု ၈၅ ခုရှိ တောင်သူ ၆၃၆၃ ဦးအတွက် မျိုးစပါး ၅၄၀၁၃ တင်း၊ ပုဏ္ဏားကျွန်းမြို့နယ် ကျေးရွာအုပ်စု ၃၅ ခုရှိ တောင်သူ ၁၆၄၀ အတွက် မျိုးစပါး ၈၇၄၂ တင်း၊ ပေါက်တောမြို့နယ် ကျေးရွာအုပ်စု ၂၀ ရှိ တောင်သူ ၆၀၇ ဦးအတွက် မျိုးစပါး တင်း ၄၅၀၀၊ မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးရွာအုပ်စု ၂၂ ခုရှိ တောင်သူ ၃၃၃ ဦးအတွက် မျိုးစပါး ၂၄၀၂ တင်း၊ ကျောက်တော်မြို့နယ် ကျေးရွာအုပ်စု ငါးခုရှိ တောင်သူ ၉၃ ဦးအတွက် မျိုးစပါး တင်း ၄၀၀၊ မောင်တောခရိုင် မောင်တောမြို့နယ်ကျေးရွာအုပ်စု ငါးခုရှိ တောင်သူ ၇၃ ဦးအတွက် မျိုးစပါး တင်း ၂၄၀၊ ဘူးသီးတောင်မြို့နယ် ကျေးရွာအုပ်စု ၁၁ ခုရှိ တောင်သူ ၂၄၉ ဦးအတွက် မျိုးစပါး တင်း ၆၀၀ စုစုပေါင်း ခရိုင်သုံးခု၊ မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉၅ ခုရှိ တောင်သူ ၁၀၁၀၅ ဦးအတွက် မျိုးစပါး ၇၃၃၉၇ တင်း လိုအပ်ကြောင်းသိရှိရသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းဒေသထွက် ပေါ်ဆန်းရင်မျိုးစပါး ၃၇၀၆၇ တင်း၊ ဖျာပုံဒေသထွက် ကျားပျံမျိုးစပါး တင်း ၄၀၀၀၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးဒေသထွက် ပေါ်ဆန်းရင်တင်း ၃၀၀၀၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်ဒေသထွက် နံ့ကောက်မျိုးစပါး တင်း ၃၉၃၀၊ နေပြည်တော်မှ ဂရိတ်ဝေါ GW-11 မျိုးစပါး တင်း၂၀၀၀၀ စုစုပေါင်း ၆၇၉၉၇ တင်းကို ဝယ်ယူထောက်ပံ့ပေးမည်ဖြစ်ပြီး ဂရိတ်ဝေါမှ GW-11 မျိုးစပါး တင်း ၅၀၀၀၊ ရေတာရှည် ယွန်းလျှံလယ်ယာအထောက်အကူပြုစခန်းမှ ဦးအောင်မျိုးဦးက နံ့ကောက်မျိုးစပါး တင်း ၄၀၀ စုစုပေါင်းတင်း ၅၄၀၀ လှူဒါန်းကြသည်။

**ခိုင်းကျွဲ၊ ခိုင်းနွားများ လိုအပ်ချက်ပေါ်ပေါက်လာ**

မိုခါမုန်တိုင်းမဝင်ရောက်မီ လွန်ခဲ့သည့် သုံးလခန့်က ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ငတောက်တဲ့ကျေးရွာ၊ ကျောက်တန်းကြီးကျေးရွာ၊ ပျားလည်ချောင်း ကျေးရွာတို့သို့ ကျွန်တော်ရောက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါကျေးရွာ သုံးရွာအပါအဝင် ကျေးရွာငါးရွာ၌ နွားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လွတ်ကျောင်းစနစ်၊ လှန်ကျောင်းစနစ်မပြုလုပ်ဘဲ ခြံလှောင်စနစ်ဖြင့် မွေးမြူ၍ ထွက်ရှိလာသော စွန့်ပစ်နွားချေးများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးချရန်၊ နွားစာအတွက် အဲဗားဂရင်းမြက်စိုက်ပျိုးရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ရန် ညွှန်ကြားမှာကြား ဆောင်ရွက်ခဲ့သည်။ မုန်တိုင်းဖြစ်ပေါ်သည့် မေလ ၁၄ ရက်နေ့က သမဝါယမအသင်းအဖွဲ့ပိုင် အဆိုပါနွားမွေးမြူရေးခြံအချို့ ပျက်စီးခြင်း၊ နွားများသေဆုံး၊ ပျောက်ဆုံးခြင်းအချို့ ရှိခဲ့သည်။ ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်းမောင် ဦးစီးအဖွဲ့အား ၎င်းကျေးရွာများသို့ သွားရောက်စေပြီး မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ လိုအပ်သည့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသင့်ဒေသများ၌ ကျွဲနွားနှင့် အခြားတိရစ္ဆာန် သေဆုံး၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်ခဲ့သည်။ သည့်အတွက် လယ်ယာမြေများ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ထွန်စက်များ ပေးပို့ခြင်းအပြင် ခိုင်းကျွဲ၊ ခိုင်းနွားများ လိုအပ်ချက်ကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မြို့နယ်အလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ကောက်ယူမှု ပဏာမစာရင်းအရ ခိုင်းကျွဲ ၈၆၃ ကောင်၊ ခိုင်းနွား ၁၉၈၇ ကောင် စုစုပေါင်း ၂၈၅၀ လိုအပ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစီအစဉ်ဖြင့် ကျွဲနွားတိရစ္ဆာန်များ ကူးစက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ရာ မြို့နယ် ၁၀ မြို့နယ်အတွင်းရှိ ကျွဲနွား ၄၈၂၈ ကောင်၊ ဝက် ၁၁၇ ကောင်၊ ကြက်အကောင် ၁၂၀၀ တို့ကို ထိုးနှံပေးခဲ့သည်။ မကျန်းမာသောကျွဲနွား ၄၃၃ ကောင်၊ ဆိတ် ၂၉ ကောင်၊ ဝက် အကောင် ၁၃၀ ကို ကုသမှုများပြုလုပ်ပေးခဲ့သည်။

**ရေနံတားတာ၊ လယ်သမားတာနှင့် ဆားငန်ခံမျိုးစပါး**

ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး ဇာတိဖွား၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းများနှင့် သိပ်မစိမ်းလှပါ။ သို့သော် အထက်ပါ ဝေါဟာရသုံးမျိုးကိုတော့ဖြင့် မရင်းနှီးခဲ့သည်မှာ အမှန်ပင်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးထားသော ရေနံတားတာ၊ လယ်သမားများကိုယ်တိုင် စိုက်ခင်းများသို့ ရေငန်မဝင်ရောက်ရေး ဆောင်ရွက်ထားသော လယ်သမားတာ၊ ပင်လယ်ရေငန်ဒဏ်ကို ခံနိုင်ရည်ရှိသော ဆားငန်ခံမျိုးစပါး ဆိုသည့်အမည်များဖြစ်သည်။ ယခုရခိုင်ခရီးစဉ်တွင် အများဆုံးကြားဖူးနားဝဖြစ်လာခဲ့သည်။ ရခိုင်ဒေသတွင် လာရောက် တာဝန်ထမ်းဆောင်စဉ် အထက်ဌာနခွင့်ပြုချက်ဖြင့် ဇွန်လ ၁၆ ရက်နေ့တွင် တပ်မတော်လေယာဉ်စီး၍ နေပြည်တော်သို့ပြန်ပြီး ဇွန်လ ၁၇ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ကို တက်ကာ ဇွန်လ ၁၈ ရက်နေ့တွင် ရန်ကုန်ဆင်း၍ ဇွန်လ ၁၉ ရက်နေ့တွင် မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မှစစ်တွေသို့ ပြန်လည်ထွက်ခွာခဲ့သည်။ ပျံသန်းချိန် ၁ နာရီ ၁၀ မိနစ်။ ကျွန်တော့်စိတ်အထင် မိနစ် ၅၀ အကြာတွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် အနောက်ရိုးမကိုဖြတ်ကျော်ပြီး ရခိုင်ကမ်းရိုးတန်းဒေသကို စတင်ထိတွေ့သည်။ ပင်လယ်နှင့် ကုန်းမြေအစပ်များ၊ ကျွန်းစုများကို မြင်နေရသည်။ ရှည်လျားသော တာရိုး၊ တာပေါင်သဏ္ဍာန်လေးများကို လှမ်းမြင်ရသောအခါ ဤသည်တို့ကား ရေနံတားတာများဖြစ်နေမလား၊ လယ်သမားတာလေးများပေလားဟု အတွေးပွားမိသည်။

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေနံတားတာ ၃၂ ခုအနက် မောင်တောမြို့နယ်အတွင်းက ခြံပြင်တာသည် ပေ ၁၀၀၀၀ ခန့်၊ မြောက်ဦးမြို့နယ်အတွင်းက ကုလားပုန်းကျွန်းပတ်တာသည် ပေ ၆၀၀၀ ခန့်၊ မြေပုံမြို့နယ်အတွင်းက ငမန်းရဲကျွန်းတာ အပိုင်း ၁ သည် ပေ ၁၆၅၀၀ ခန့်နှင့် အပိုင်း ၂ သည် ပေ ၆၀၀၀ ခန့် ကျိုးပေါက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ ယင်းတာလေးခုအား စိုက်ပျိုးချိန်မီ ပြန်လည်ပြုပြင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနက မြေတူးစက် Back Hoe ၁၇ စီးဖြင့် မေလ ၂၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂ ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် အဆိုပါတာများ၏ ရေဘေးကာကွယ်ဧရိယာ ၁၇၇၀၆ ဧကအတွင်း စိုက်ပျိုးရန်လျာထားသည့် မိုးစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် ရသေ့တောင်မြို့နယ်အတွင်းက ကျီကျွန်းတာ ၄၉၉၅ ပေ၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းက မက္ကလာကျတာ ပေ ၄၃၅၀၊ တန်ခိုးတာ ၆၁၆ ပေ၊ စစ်တွေမြို့နယ်အတွင်းက ဝါဘိုလယ်သမားတာ ပေ ၁၀၅၀ တို့ကိုလည်း ပြုပြင်ပေးခဲ့သည်။

ဆားငန်ခံစပါးမျိုးနှင့် ပတ်သက်၍လည်း ဖိလစ်ပိုင်တွင် ပိုကာလီစပါးမျိုးရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဒေသမျိုးရင်းများဖြစ်သည့် လက်ရုံးကြီး၊ စာပစိတို့ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနခြံများက စမ်းသပ်ထုတ်လုပ်ထားသော ဧရာမောင်၊ ရွှေပြည်မင်း၊ ရွှေပြည်ဝင်း၊ ပြည်မြန်မာစိန်၊ ရွှေအာဆီယံ၊ YSTR-12၊ ဆားငန်ခံ-၅၊ ဆားငန်ခံ-၆ နှင့် ဆားငန်ခံဆင်းသွယ်လတ်မျိုးများကို ယခုရခိုင်ဒေသ၌ စိုက်ပျိုးရန်လျာထားကြောင်း ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်ထံမှ သိရသည်။

**သာလီစွပါ ရခိုင်သွေးချင်းတို့ရေ**

မုန်တိုင်းလွန်ကာလ၌ ပြန်လည်ထူထောင်ရေး၊ ကူညီထောက်ပံ့ရေးကိစ္စအဝဝကို ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် ဦးစီးကွပ်ကဲကြပ်မတ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးနေသည်။ နေရေးထိုင်ရေး၊ စားရေးကိစ္စများ တဖြည်းဖြည်း အဆင်ပြေချောမွေ့လာသည်နှင့်အမျှ အခြားလုပ်ငန်းများနည်းတူ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ကြရပေမည်။ ရခိုင်ပြည်နယ်အတွင်း၌ အထွက်တိုးစပါးမျိုးများ စိုက်ပျိုးကြရမည်။ ဥစားကြက်၊ အသားစားကြက်၊ အသားတိုးဝက်နှင့် ပုစွန်မွေးမြူခြင်းအပါအဝင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပါဦးမည်။

- ကြိုးစားမှုတိုင်း အောင်မြင်ကြပါစေ
- မျှော်လင့်ခြင်းများဖြင့် ရှင်သန်နိုင်ကြပါစေ
- ပျော်ရွှင်ခြင်းများကိုလည်း ပိုင်ဆိုင်ခွင့်ရကြပါစေ
- သာလီစွပါ ရခိုင်သွေးချင်းတို့ရေ ...

# ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်းနှင့် အမှုထမ်း ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြုလုပ်သည်။



ဖွင့်ပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယခုသင်တန်းတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကိုပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ အစပြု၍ ဥပဒေဆက်နွယ်ဘာသာရပ်များနှင့် စီမံခန့်ခွဲမှုဘာသာရပ်များဖြစ်သည့် စီးပွားရေးဆိုင်ရာ ဥပဒေများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ ရုံးစာရေးသားနည်းများ၊ သံတမန်ရေးရာ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ လုပ်ကိုင် ဆောင်ရွက်နိုင်ရေး၊ ဆက်စပ် ဝန်ကြီးဌာနများ၏ ဥပဒေများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဥပဒေဘာသာရပ်ကို ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသော အသိအမြင်၊ ဗဟုသုတများဖြင့် လုပ်ငန်းခွင်အတွင်း တာဝန်ကို ကျေပွန်စွာနှင့် ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်လာနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇွန် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ ရက်ပေါင်း ၄၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် မွမ်းမံသင်တန်းအား စဉ်ဆက်မပြတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ၂၀၂၃ ခုနှစ်ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ လေအေးပေးစက်နှင့် ပတ်သက်သော စက်မှုနည်းပညာရှင်များအသင်းမှ တာဝန်ရှိသူများ၊ အအေးပေးဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ကျရောက်သည့် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "အအေးပေးနည်းပညာ စဉ်ဆက်မပြတ်တိုးတက်ဖို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"ဖြစ်ပြီး ပူနွေးလာသည့်ရာသီဥတုကြောင့် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော အအေးပေးစနစ်များ လိုအပ်ချက်မြင့်မားလာမှုကို ဖြည့်ဆည်းပေးရန်နှင့် အနာဂတ်ကာလအတွက် အအေးပေးနည်းပညာ အဆင့်ဆင့်လိုက်လျောညီထွေ ပြောင်းလဲလာပုံကို သတိပြုမိလာစေရန်အတွက် ပြည်သူလူထုကို အသိပညာပေး တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

အအေးပေးစက် ပစ္စည်းများတွင် အသုံးပြုသော အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် အလေးထားဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ၁၉၉၃ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီး အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီး၏ အပူချိန်ကို လျှော့ချနိုင်ရန်နှင့် လေထုအတွင်းရှိ စိုထိုင်းဆများကို လျော့ကျစေရန်အတွက် အသုံးပြုမည့် အအေးပေးနည်းပညာများသည် စွမ်းအင်သုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေသော နည်းပညာများဖြစ်လာစေရန် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံများတွင် အသုံးပြုလျက်ရှိသော လျှပ်စစ်ဓာတ်အားစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို လေအေးပေးစက်များတွင် အသုံးပြုနေကြသည့်အတွက် စွမ်းအင်ချွေတာပြီး စွမ်းဆောင်ရည်ကောင်းသော အအေးပေးပစ္စည်းများနှင့် အိုဇုန်းလွှာမထိခိုက်စေသည့် အစားထိုး အအေးပေး ဒြပ်ပစ္စည်းများကိုသာ တင်သွင်းဖြန့်ဖြူး အသုံးပြုသွားရန် အရေးကြီးကြောင်း၊ အိုဇုန်းလွှာ၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော နည်းပညာမြှင့်တင်ရေး သင်တန်းများနှင့် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေးဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက အအေးပေးပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုပိုစတာများ ပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်

**နေပြည်တော် ဇွန် ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ရဲရွာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ထူးချွန်ဆုရဝန်ထမ်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မူကြို၊ မူလတန်း၊ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသည့် ဝန်ကြီးဌာနဝန်ထမ်းများ၏ သား/သမီးများကို ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အထက်တန်းနှင့် တက္ကသိုလ်အသီးသီးတို့တွင် တက်ရောက် ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သား/သမီးများကိုလည်း ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ထို့အပြင်သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကိုလည်း ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းသား/သမီးများမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ၁၈၉ ဦး အောင်မြင်ခဲ့ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သား/သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများကိုလည်းကောင်း၊ ဌာနအကြီးအကဲများက လေးဘာသာဂုဏ်ထူးနှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနအကြီးအကဲများသည် ထူးချွန်ဆုရဝန်ထမ်းများ၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နံနက်စာကို အတူတကွသုံးဆောင်ကြသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၇ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၀၉ ဦး စုစုပေါင်း ၁၈၉ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ ကျားမသောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**စစ်တွေ ဇွန် ၂၆**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့တွင် နန္ဒဝန်ဥယျာဉ်အတွင်း သစ်ပင်များ ဖယ်ရှားရှင်းလင်းနေမှု၊ ကျောက်တန်းတံတားရှိ ကြမ်းခင်းပျက်စီးနေမှု၊ ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျားမသောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ် (၈၁) အခြေခံပညာမူလတန်းကျောင်းနှင့် တပ်နယ်အခြေခံပညာ မူလတန်းကျောင်း၊ နယ်မြေခံတပ်နယ်ရှိ ဧက ၄၀ မျိုးစပါး စမ်းသပ်ကွက်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ် (လီမိတက်)၌ အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား တွေ့ဆုံသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးအဖွဲ့များက စစ်တွေမြို့ နန္ဒဝန်ဥယျာဉ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် သစ်ပင်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးပြီး မိုးရာသီကာလ သစ်ပင်များ စနစ်တကျ ရှင်သန်ကြီးထွားအောင် ပြန်လည်စိုက်ပျိုးရန်နှင့် ပြည်သူများ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေ - အမ်း - ရန်ကုန်ကားလမ်း မိုင်တိုင် (၁၉၀) ကျောက်တန်းတံတားရှိ ကြမ်းခင်းအရှည်ပေ ၁၂၀၊ အကျယ် ၃၂ ပေ ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျပြန်လည်ပြုပြင်တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျားမသောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၈၁) အခြေခံပညာ မူလတန်းကျောင်းနှင့် တပ်နယ် အခြေခံပညာမူလတန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု၊ ကျောင်းဥပမိရပ် ကောင်းမွန်ရေး၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုများနှင့် ဆက်လက်ပြုပြင်သွားမည့် အစီအမံများကို လိုက်လံကြည့်ရှုမေးမြန်းပြီး သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်မြေခံတပ်နယ်ရှိ ဧက ၄၀ မျိုးစပါး စမ်းသပ်ကွက်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းသော စပါးစိုက်ပျိုးရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ စစ်တွေ-အမ်း-ရန်ကုန်ကားလမ်း မိုင်တိုင်(၁၉၀) ကျောက်တန်းတံတား ကြမ်းခင်းပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပဲနို့တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်က အကောင်အထည်ဖော် ဆောင်ရွက်သည့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသ ပဲနို့အာဟာရတိုက်ကျွေးရေး စီမံချက်အရ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ကလေးငယ် ၃၇၅ ဦးအား ပဲနို့တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရခိုင်ပြည်နယ် သမဝါယမ အသင်းစုချုပ် (လီမိတက်)၌ အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးက အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ အသင်းစုနှင့် အခြေခံအသင်းများ၏ ရင်းနှီးထည့်ဝင်ငွေများ၊ လုပ်ငန်းခွဲ လုပ်ငန်းစုများအလိုက် ဆောင်ရွက်နေမှုများနှင့် အသင်းသား အသင်းသူများ၏ အကျိုးအတွက် လူမှုစီးပွားရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဒေသနှင့်ကိုက်ညီပြီး သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင် သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် စစ်တွေမြို့၊ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့ နှင့် မြေပုံမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ပြင်ဆင်ရန်ကျန်ရှိသည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်း ၅၆ ရာခိုင်နှုန်းခန့်၊ ၆၆ ကေဗွီ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း ၅၄ ရာခိုင်နှုန်းခန့် ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးဖြစ်ပြီး ကျေးရွာဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရမည့် ကျေးရွာ စုစုပေါင်း ၃၂၇ ရွာရှိသည့်အနက် ဆောင်ရွက်ပြီးကျေးရွာ ၇၁ ရွာ၊ ဆောင်ရွက်ဆဲကျေးရွာ ၅၄ ရွာဖြစ်ပြီး စုစုပေါင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ၄၇ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration- IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration- IOM) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Sarah Lou Ysmael Arriola ၊ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် IOM တို့အကြား MoU ကို ၂၀၁၅ ခုနှစ်တွင် ကနဦး သုံးနှစ်သက်တမ်းဖြင့် လက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သက်တမ်းတိုးလက်မှတ်ရေးထိုးခဲ့သည့် MoU သည် ၂၀၂၁ ခုနှစ်တွင် သက်တမ်းကုန်ခဲ့သဖြင့် MoU အသစ် လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ MoU ရေးထိုးရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ MoU ပါ လုပ်ငန်းစီမံချက် (Action Plan)တွင် ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စများနှင့် ပတ်သက်၍ ပါဝင်သင့်သည့် အချက်အလက်များ၊ ဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာ (MoU)ရေးထိုး၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေ၊ ဝန်ကြီးဌာနနှင့် IOM တို့ ဆက်လက်၍



ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ကူညီစောင့်ရှောက်ပေးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇွန် ၂၆**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (23rd ASEAN Senior Officials Meeting on Transnational Crime and Its Related Meetings) ကို အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာ (Yogyakarta) မြို့ Royal Ambarrukmo Hotel ၌ ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည်။






အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် အမေရိကန်စသည့် နိုင်ငံ ကိုးနိုင်ငံတို့မှ အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ SOMTC ခေါင်းဆောင်များ ဦးဆောင်သည့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ် ငါးဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး SOMTC ခေါင်းဆောင်များ၏ (၂၃)ကြိမ်မြောက်စုံညီအစည်းအဝေးကို ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ယော့ဂျကာတာမြို့ရှိ Royal Ambarrukmo Hotel ၌ ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေးဌာနအကြီးအကဲ H.E. Police Commissioner General Agus Andrianto က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်းအကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုခင်းများ၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းများ တိုးတက်ဖြစ်ပေါ်လာမှုနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး မြန်မာ SOMTC ခေါင်းဆောင် ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်က အကြမ်းဖက်အုပ်စုများ၏ သတင်းမှားများ ထုတ်ပြန်မှု၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်မှုနှင့် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရရုံး၊ အဆောက်အအုံများကို ဖုံးခွဲ၊ အကြမ်းဖက် တိုက်ခိုက်မှုအခြေအနေ၊ ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှုနှင့် လူကုန်ကူးမှုခင်းများတိုက်ဖျက်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဒေသတွင်းနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ ဆက်လက်ကျင်းပခဲ့ရာ ဇွန် ၂၂ ရက်က ကျင်းပခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှု (20th SOMTC + China Consultation) အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. NIU Haifeng တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပြဿနာများ တိုက်ဖျက်ရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာ (၂၀၁၇-၂၀၂၃)နှင့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ (၂၀၂၄-၂၀၂၈)တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် အသစ် ရေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခြင်းနှင့် လုပ်ငန်းလမ်းညွှန်ချက် တစ်ခုကို အတည်ပြုခဲ့ပြီး မူကြမ်း ငါးခုကို ဩဂုတ်လအတွင်း ကျင်းပမည့် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး အစည်းအဝေးတွင် အတည်ပြုနိုင်ရေး ဆက်လက်တင်ပြသွားရန် သဘောတူညီခဲ့ကြသည်။

ထို့နောက် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဂျပန်၊ ကိုရီးယား၊ (တရုတ်၊ ဂျပန်၊ ကိုရီးယား) သုံးနိုင်ငံ ပူးပေါင်းမှု၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့် သီးခြားစီဆွေးနွေးမှုများကို အလှည့်ကျ အာဆီယံနိုင်ငံ SOMTC ခေါင်းဆောင်များက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ ဒေသတွင်းနိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းစီမံချက် လေးခုကို အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများ ထိန်းချုပ်ရေးတို့ကို တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်ညာမှု၊ အွန်လိုင်းလောင်းကစားမှုခင်းများနှင့်ပတ်သက်၍ ထိရောက်စွာ တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေး နိုင်ခဲ့သည်။

ထို့ပြင် 23rd SOMTC နှင့် ဆက်စပ် အစည်းအဝေးများ တက်ရောက်စဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်အောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ ထိုင်းတော်ဝင်ရဲအဖွဲ့ ဒုတိယရဲချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ မှုခင်းစုံစမ်းစစ်ဆေးရေးရဲဌာန အကြီးအကဲတို့နှင့် သီးခြားတွေ့ဆုံ၍ အွန်လိုင်း လိမ်ညာမှုနှင့် လောင်းကစားမှုများ တိုက်ဖျက်ရေး၊ ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ယော့ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထန်းတပင် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကျောင်းကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၃၂၄ ဦးတို့က ကျွန်း ၁၂၅ ပင်၊ ပိတောက်ပင် ၇၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၇၀၊ ထိုင်ဝမ်ဗာဒံ ၆၂ ပင်၊ မန်ကျည်းပင် ၁၂၀၊ မအူပင် ၁၅၀၊ ပျဉ်းမပင် ၅၀ နှင့် ပျဉ်းကတိုးပင် ၅၀ စုစုပေါင်းပျိုးပင် ၇၄၇ ပင် တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# မွန်ပြည်နယ်၌ (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

မော်လမြိုင် ဇွန် ၂၆

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံများ၏ တရားဥပဒေစိုးမိုးရေး၊ လူသားမျိုးနွယ်များ ဉာဏ်ရည်မြင့် ရှင်သန်ရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးတို့ကို ပိုမိုခြိမ်းခြောက်လာလျက်ရှိသည့်အပြင် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများနှင့် ပြည်တွင်းမငြိမ်သက်မှုတို့သည် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိမှု၏ ဆိုးကျိုးများပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကြောင့် ဘဝပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုပေါင်းများစွာ နောက်ကျကျန်ခဲ့ရသည့်အပြင် အုပ်ချုပ်ရေးနှင့် တည်ငြိမ်ရေးကို လှုပ်ကိုင်စားစေခြင်း၊ ထုတ်ပြန်ကြေညာထားပြီးဖြစ်သော အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များ၊ ခရိုင်/မြို့နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး အရပ်ဘက် အဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု တစ်ရပ်လုံးသည်လည်း ဘုံရန်သူအဖြစ်ခံယူ၍ တိုင်းပြည်၏ အနာဂတ်ဥယျာဉ်မှူးများနှင့် ပန်းခင်းများဖြစ်သည့် မျိုးဆက်သစ်လူငယ်များအား "ပွင့်သောပန်းတိုင်း လန်းစေဖို့၊ မူးယစ်ဆေးဝါးကို အမြစ်ပြတ်တိုက်ဖျက်ကြပါစို့"လို့ တိုက်တွန်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး၌ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မုံရွာ ဇွန် ၂၆

(၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဖတ်ကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသော ၂၀၂၃ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ပြခန်းငယ်အတွင်း ပြသထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လှိုင်ကော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားသည်။

**ဖတ်ကြား**

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဝေက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆောင်ရွက်ချက် မှတ်တမ်းများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။




ပြည်နယ်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ကရင်ပြည်နယ်၌ ငါးလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၆ မှု ဖမ်းဆီးအရေးယူနိုင်ခဲ့

**ဘားအံ ဇွန် ၂၆**

ကရင်ပြည်နယ်၌ ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးလတာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၆ မှုဖြင့် တရားခံပေါင်း ၁၆၈ ဦးကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှ သိရသည်။

**ဖမ်းဆီးအရေးယူမှုများဆောင်ရွက်**

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ရောက်ရှိလာပြီး ဒေသတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေအလိုက် စီမံချက်များရေးဆွဲပြီး နေ့စဉ် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၄၄၁ မှု၊ တရားခံ ၆၄၇ ဦး၊ ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၄၉၀၊ တရားခံ ၆၂၅ ဦး၊ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၁၃၆ မှု၊ တရားခံ ၁၆၈ ဦး



တို့ကို စိတ်ကြွဆေးပြား၊ ဆေးခြောက်၊ အိုက်စ်၊ ဘိန်းစာရွက်၊ ကက်တမင်း အစရှိသော မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ်၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို သာမကနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ မူးယစ်ဆေးစွဲသူများအား ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲကုသရေး အစီအစဉ်များဖြင့် ဆေးဝါးကုသပေးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို ကရင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲ ပြည်နယ်အဆင့် ဆုရရှိသူ ၆၁ ဦးနှင့် အဆိုပါ ပြိုင်ပွဲတွင် ဒိုင်အဖြစ်ဆောင်ရွက်ပေးခဲ့သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၂၆**

တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သူရဇော်လွင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လင်းအောင်က ဖတ်ကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ရရှိလာသောဆိုးကျိုးများနှင့် မူးယစ်ဆေးစွဲရောဂါ အကြောင်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်က လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြစ်မှုပြစ်ဒဏ်များအား ခရိုင်တရားသူကြီး ဦးစံမြင့်က လည်းကောင်း အသိပညာပေး ဟောပြောပြီး ၂၀၂၂ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၆)ကြိမ်မြောက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့်အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူတို့က ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသူများက မူးယစ်ဆေးဝါး ပပျောက်ရေးလှုပ်ရှားမှု အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မူးယစ်ဆေးဝါးအသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

---



# မင်္ဂလာဒုံ အလက(၁)၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**မင်္ဂလာဒုံ ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံ အလက(၁)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝုန်လွန်းညောင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး စာရေးဆရာအသင်းမှ စာရေးဆရာမ လမင်းအိမ်(ဥပဒေ)က မူးယစ်ဆေးဝါးသည် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတစ်မျိုးဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအစ ဆေးလိပ်၊ ကွမ်းယာနှင့် အရက်တို့ဖြစ်ခြင်းကြောင့် ယနေ့ လူငယ်များအနေဖြင့် အစလုပ်၍ မသုံးစွဲသင့်ကြောင်း၊ မိမိတို့၏ အနာဂတ်ဘဝလှပသည့်အိပ်မက်များ တည်ဆောက်နိုင်ရန် မူးယစ်ဆေးကို ရှောင်ရှားနိုင်စေရန်နှင့် စာရေးဆရာမ ကြည်သာရီက သဘာဝပတ်ဝန်းကျင်လှပစေရန် ကျောင်းသား ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိလာမည့် ဆိုးကျိုးများ၊ အရေးယူဆောင်ရွက်မှုဆိုင်ရာများနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ သီကောင်းစရာများ အကြောင်းကို အကျယ်တဝင့် ဟောပြောကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါး အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုမှတ်သားခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

---

# တန့်ယန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

**တန့်ယန်း ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းက ဖတ်ကြားသည်။

ယင်းနောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်းပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြသထားသော နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ဗီယက်နမ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ဟန်နွိုင်း ဇွန် ၂၆**

တောင်ကိုရီးယားနိုင်ငံ သမ္မတ ယွန်ဆက်ယိုးလ်သည် ၎င်း၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်သည့် သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်နှင့် ဗီယက်နမ်သမ္မတ ဗိုဗန်သောင်တို့သည် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟန်နွိုင်း၌ ပြုလုပ်သည့် ထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံစီးပွားရေးနှင့် လုံခြုံရေး အပါအဝင် သဘောတူညီချက် ၁၇ ရပ်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ထိပ်သီးအစည်းအဝေးတွင် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်က နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အလေးပေးပြောကြားခဲ့ပြီး ကုန်သွယ်မှုကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ အရှိန်အဟုန်ဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ယခင်ကထက် အရေးကြီးပါကြောင်းလည်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်နှင့် ဗီယက်နမ်သမ္မတ ဗိုဗန်သောင်တို့သည် ၂၀၃၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာဘီလီယံ ၁၅၀ အထိ မြှင့်တင်သွားနိုင်ရေးနှင့် စပ်လျဉ်း၍လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





## ရာသီဥတုပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ သတိပြုဆောင်ရွက်ရန် နိုင်ငံသားများအား ဖိလစ်ပိုင်သမ္မတ တိုက်တွန်း

**မနီလာ ဇွန် ၂၆**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ဂေဟစနစ်များကို ထိန်းသိမ်းရန်အတွက် ရာသီဥတုပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ အထူးသတိပြုဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံသားများအား ဇွန် ၂၆ ရက်တွင် တိုက်တွန်းခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

"သိပ္ပံပညာရှင်တွေရဲ့ သတိပေးချက် တော်တော်များများကို မိမိတို့အနေဖြင့် ဆယ်စုနှစ်တွေကြာကတည်းက ရရှိပြီးဖြစ်ပြီး မိမိတို့၏ အလေ့အထကို မပြောင်းလဲဘဲ ပတ်ဝန်းကျင်အပေါ် အာရုံခံစားနိုင်မှု အားနည်းတာကို မပြောင်းလဲဘူးဆိုရင် ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတု ဖောက်ပြန်မှုတွေ ဖြစ်လာမှာဖြစ်တယ်"ဟု သမ္မတ မားကို့စ်က ဖိလစ်ပိုင်နိုင်ငံ သစ်တောလုပ်ငန်း၏ နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ပြီး ကမ္ဘာပေါ်တွင် လှုပ်ရှားမှုအများဆုံးမီးတောင်များရှိသည့်အပြင် မကြာခဏငလျင်များလှုပ်ခတ်ခြင်း၊ တစ်နှစ်လျှင် ပျမ်းမျှ တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ အထိ ဖြစ်ပွားကာ ရေကြီးမြေပြိုမှုများ အပါအဝင် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အခံရဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၁၃ ခုနှစ်အတွင်းက စူပါတိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်တိုက်ခတ်မှု အပါအဝင် များပြားလှစွာသော သဘာဝဘေးများကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## ဂျပန်နိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာ ထိန်းချုပ်ရေးစည်းမျဉ်းများကို အဆင့်မြှင့်တင်သွားမည်

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံတွင် ဉာဏ်ရည်တု နည်းပညာ ထိန်းချုပ်ရေး စည်းမျဉ်းများကို အဆင့်မြှင့်တင် သွားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

ဉာဏ်ရည်တု နည်းပညာဆိုင်ရာ မဟာဗျူဟာကော်မတီ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ကျင်းပခဲ့ရာတွင် ဉာဏ်ရည်တုနည်းပညာ သုံးစွဲရေးဆိုင်ရာ နည်းလမ်းများနှင့် သုံးစွဲခြင်း၏ အကျိုးအပြစ်များကို တာဝန်ရှိသူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးဌာနများနှင့် အေဂျင်စီများသည် ၎င်းတို့ချမှတ်ထားသည့် ဉာဏ်ရည်တု နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းဖြင့် ဉာဏ်ရည်တု နည်းပညာသုံးစွဲသူများအတွက် လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာ မူဝါဒရေးရာ ဝန်ကြီး တာကာရှီဆာနေက ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**




## အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ခါတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**နယူးဒေလီ ဇွန် ၂၆**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ခါတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရရဲတပ်ဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ဗိုက်ရှာလီခရိုင် နို့ချက်စက်ရုံတစ်ရုံတွင် အမိုးနီးယား ဆလင်ဒါမှ ခါတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာဖြစ်စဉ်မှ လူ ၃၅ ဦးခန့်ကို ဟာဂျီပါဆာဒါဆေးရုံ၌ ဆေးဝါးကုသပေးနေရကြောင်းနှင့် လူနာများမှာ စိတ်ချရသည့်အခြေအနေတွင်ရှိကြောင်း ဆရာဝန်ရှာရန်နန်ဒန်ပရာဆက်က မှတ်ချက်ပြုသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– စိုးသူရ**

## မြောက်ကိုရီးယားနိုင်ငံတွင် (၇၃) နှစ်မြောက် ကိုရီးယားစစ်ပွဲစတင်ခြင်းအခမ်းအနား ကျင်းပ

**ပြုံယမ်း ဇွန် ၂၆**

မြောက်ကိုရီးယားနိုင်ငံတွင် (၇၃) နှစ်မြောက် ကိုရီးယားစစ်ပွဲစတင်ခြင်း နှစ်ပတ်လည်အခမ်းအနားကို ဇွန် ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ပြုံယမ်းတွင်ကျင်းပသည့် ယင်းအခမ်းအနားသို့ လုပ်သားနှင့် ကျောင်းသား ၁၂၀၀၀၀ တက်ရောက်ခဲ့ကြသည်။

အမေရိကန်နယ်ချဲ့များအား အပြစ်ပေးရန်အတွက် မြောက်ကိုရီးယားနိုင်ငံသားများသည် လက်နက်များ ပြင်ဆင်ထားကြောင်း ယင်းအခမ်းအနား တက်ရောက်လာသူတစ်ဦးက မှတ်ချက်ပြုသည်။ အခမ်းအနားတွင်အမေရိကန်နိုင်ငံသည် မိမိတို့ဒုံးကျည်များ၏ လက်တစ်ကမ်းအကွာတွင်သာရှိသည်ဆိုသော စာတန်းများကို တက်ရောက်လာကြသူများက ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။ **ကိုးကား– အင်န်အိတ်ချ်ကေ၊ ဘာသာပြန်– စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေပေးအပ်




**မနီလာ ဇွန် ၂၆**

ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘာ့ဘဏ်အကြား ဖိလစ်ပိုင်နိုင်ငံ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ ချေးငွေပေးအပ်ရေးဆိုင်ရာ သဘောတူညီချက်များကို ယနေ့လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းသဘောတူညီချက်များကို ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး ဘင်ဂျမင်ဒိုင်နိုနှင့် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူး အင်န်ဒေမီဒိုတို့က လက်မှတ်ရေးထိုးခဲ့သည်။

ယင်းချေးငွေများအနက် ချေးငွေအမေရိကန်ဒေါ်လာ ၂၇၆ သန်းကို စိုက်ပျိုးရေးထုတ်ကုန်မြှင့်တင်ရေးနှင့် လယ်သမားများနှင့် ငါးဖမ်းလုပ်သားများအတွက် ထုတ်ကုန်ဆိုင်ရာ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ပညာရေးကဏ္ဍများ မြှင့်တင်ရေးအတွက် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၁၀ ကိုသုံးစွဲမည်ဖြစ်သည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၅၀ သန်းကို သုံးစွဲမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ဖိလစ်ပိုင်နိုင်ငံ၏ တတိယအကြီးဆုံး ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မြို့နယ်အချို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ



မိုးနဲ ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မိုးနဲ(အထက) ပုလဲဆောင်ခန်းမနေရာ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

**အသိပညာပေးဟောပြော**

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက "မူးယစ်ဟူက တိုက်ဖျက်ကြ"ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသားကျောင်းသူလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟပ္ပလင်း ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် (၂၆)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ကလေး ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သန့်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံမှ ပေးပို့သော သဝဏ်လွှာအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ဝင်းက ဖတ်ကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ခရိုင်အဆင့်၌ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး) ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန် ဇွန် ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာဥပဒေများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်းသည့် မူးယစ်ဆေးဝါးဆိုင်ရာများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် ဟာသသရုပ်ဆောင်ဒွဲဒိုးနှင့် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာအားပေးကြသည်။ ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကိုစိတ်ဝင်တစားကြည့်ရှုခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၆

ကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် တီတွဒ်ကျေးရွာနေ အောင်ဗိုလ်ဗိုလ်(ခ) ရွှေဘိုသည် ၎င်းအသုံးပြုသည့် "Aung Bo Bo" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက်နေ ဖြူဖြူလှိုင်သည် ၎င်းအသုံးပြုသည့် "Phyu Phyu Hlaing" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၂၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ကော့ကရိတ်မြို့၊ သိမ်ဇရပ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDFအမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တွံတေးမြို့ပြပြောက်ကျား အမည်ခံ PDF အကြမ်းဖက် အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇွန်  ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**လှူဒါန်း**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စေတီယျရပ်ကွက်ရှိ အစိုးရနည်းပညာကောလိပ်အနီးတွင် ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်များ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုသည်။ ထို့နောက် တောင်ရင်းရပ်ကွက်ရှိ ကျောက်ဖြူဘိုးဘွားရိပ်သာသို့ သွားရောက်၍ နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဘိုး၊ အဘွားနှင့် ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကိုကြည့်ရှုပြီး ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့ပြင် ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် သာသနိကအဆောက်အအုံအမိုးများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော်  ဇွန်  ၂၆**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ခေါင်းဒုက္ကာကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်ဖြူဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

**ခုတ်ထွင်ရှင်းလင်း**

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမဘေးဝဲ/ယာရှိ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကညင်တန်းရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေ

**နေပြည်တော်  ဇွန်  ၂၆**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/စစ်သမီးများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သတ်မှတ်ဈေးဖြင့် ကြက်ဥ၊ ဝက်သား၊ အမဲသား၊ ငါး(ငါးမြစ်ချင်း)များ ရောင်းချနေမှုကို ဇွန် ၂၆ ရက် နံနက်က မြို့မဈေးကြီးအတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



(၁၀၁)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ကျိုက်မရောမြို့နယ် သမဝါယမဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပရာ အရိပ်ရအပင် ၅၀ ကို သမဝါယမဦးစီးဌာန မြို့နယ်ရုံးဝန်ထမ်းများနှင့် သမဝါယမအသင်းစု အမှုဆောင်အဖွဲ့များက စိုက်ပျိုးပေးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# အမျိုးသားမှတ်ပုံတင်လုပ်ငန်းမှတ်တမ်းများ ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းအသုံးပြုနည်း သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်လုပ်ငန်း မှတ်တမ်းများ ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်း အသုံးပြုနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန မှတ်တမ်းဌာန(ရန်ကုန်) ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်းက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဝင်းသိန်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ မှတ်တမ်းဌာန(ရန်ကုန်)ရုံးမှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသားသင်တန်းသူ ၂၀ ဦး တက်ရောက်ကြောင်း သိရသည်။

ကြေးမုံ



# မိုးညှင်းမြို့နယ် နန့်မွန်းနှစ်ခြင်း IDP စခန်းပိတ်သိမ်း

နေပြည်တော် ဇွန် ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းမြို့ရှိ နန့်မွန်းနှစ်ခြင်း IDP စခန်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများသည် ၎င်းတို့၏မူလနေရပ်သို့ ပြောင်းရွှေ့သွားသဖြင့် ဇွန် ၂၂ ရက်တွင် စခန်းပိတ်သိမ်းပြီးဖြစ်သည်။

အဆိုပါ နန့်မွန်းနှစ်ခြင်း IDP စခန်းရှိအိမ်ထောင်စု ၂၅ စုအနက် အိမ်ထောင်စု ခုနစ်စုသည် ၎င်းတို့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော မိုးညှင်းမြို့ အောင်သပြေရပ်ကွက်သို့ လည်းကောင်း၊ အိမ်ထောင်စု ငါးစုသည် ၎င်းတို့၏မိဘဆွေမျိုးနေအိမ်များသို့ လည်းကောင်း၊ အိမ်ထောင်စု တစ်စုသည် ၎င်းတို့၏ နေရပ်ဖြစ်သော မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ လွဲမွန်ကျေးရွာအုပ်စု နန့်ပတဲကျေးရွာသို့ လည်းကောင်း၊ အိမ်ထောင်စု ၁၂ စုသည် ၎င်းတို့၏ ဆွေမျိုးနေအိမ်များသို့လည်းကောင်း မိမိတို့၏ အစီအစဉ်ဖြင့် ပြောင်းရွှေ့သွားကြောင်း သိရသည်။

ဇော်ဝင်းထွန်း

# မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာများအသင်းသို့ အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာများအသင်း၏ ၂၀၂၃ ခုနှစ် လုပ်ငန်းဆိုင်ရာ သင်းလုံးကျွတ် အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ Central Hotel ၌ ကျင်းပသည်။




အစည်းအဝေး အပြီးတွင် အသင်း၏ဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့် (ကျော်ညွန့်ရည်)၊ ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)က အသင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် အခြားအလှူရှင်ကိုးဦးတို့က အလှူငွေကျပ် ၁၃၅၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၃၅၀၀၀၀ လှူဒါန်းပေးအပ်ရာ မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ ဦးသန်းလင်း (လင်းကိုကို) က လက်ခံရယူခဲ့ကြောင်း သိရသည်။ အေးသန်း(စိန်တုံးကြီး)

# ဒိုက်ဦးမြို့နယ်၌ စားသောက်ကုန်ပစ္စည်းများကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေး

ဒိုက်ဦး ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့နယ်တွင်း စားသုံးသူပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန် ရည်ရွယ်၍ ဒိုက်ဦးမြို့နယ် အတွင်းရှိ ကိုယ်တိုင် စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများက သက်သာသော ဈေးနှုန်းဖြင့် ဆန်၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချရာတွင် ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀၊ ဆီတစ်ပိဿာ ငွေကျပ် ၄၉၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၆၀၀၀၊ ငါးတန် တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ငါးမုတ် တစ်ပိဿာ ငွေကျပ် ၅၀၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဘဲဥတစ်လုံး ငွေကျပ် ၂၄၀၊ ချဉ်ပေါင်ရွက် တစ်စည်း ငွေကျပ် ၅၀၊ ခဝဲသီး တစ်တောင့် ငွေကျပ် ၂၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၈၅ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၆၀ | ၂၇၀၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၅၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၅ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၅ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၁၀ | ၂၀၁၅ | ၂၀၁၅ | ၂၂၄၅ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၅ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၅ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၅ | ၂၀၉၅ | ၂၃၂၅ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၃ | ၁၉၁၄ |
| 95 Ron | ၁၉၃၅ | ၂၀၀၈ |
| HSD (500 ppm) | ၁၈၃၀ | ၁၈၉၆ |
| HSD (50 ppm) | ၁၉၀၄ | ၁၉၇၁ |
| HSD (10 ppm) | ၁၉၀၄ | ၁၉၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၀၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၆-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၆-၆-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၈၃၁,၄၆၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၃၂၆)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၁၉၈) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

■ ၂၀၂၃ ခုနှစ်မှ

ညနေပိုင်းတွင် အုပ်စု(ခ)ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**ကြည့်ရှုအားပေး**

ယနေ့ယှဉ်ပြိုင်ကစားကြသည့် အုပ်စုပွဲစဉ်များကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် အုပ်စု(ဂ)မှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ)အသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ ညနေပိုင်းတွင် အုပ်စု(က)မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ အုပ်စု(ဂ)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(က) အသင်းနှင့်ပညာရေးဝန်ကြီးဌာန(ခ)အသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တို၊ မြန်မာနိုင်ငံဆိုင်ရာအင်ဒိုနီးရှားသံရုံးမှ ယာယီသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်မှုဆောင်ရွက်ရေးတို့အတွက် ယခုကဲ့သို့စာနာမှုအပြည့်ဖြင့် လှူဒါန်းကြသော အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့်ပြည်သူများ၊ လှူဒါန်းပစ္စည်းများကို ယခုလိုမြန်မာနိုင်ငံအရောက်ပို့ဆောင်ပေးပါသော အင်ဒိုနီးရှားနိုင်ငံ အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုနှင့်အဖွဲ့တို့အား မြန်မာနိုင်ငံအစိုးရနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းနှင့် ယခုကဲ့သို့လှူဒါန်းမှုများသည် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပုံမှန်ဘဝသို့ရောက်ရှိရေးနှင့် ပြန်လည်ထူထောင်မှုများအတွက် များစွာအထောက်အကူ ဖြစ်စေရုံသာမက စိတ်ခွန်အားများကိုလည်း ဖြစ်စေပါကြောင်းနှင့် လှူဒါန်းပစ္စည်းများကို ရခိုင်ပြည်နယ်အပါအဝင် သဘာဝဘေးဒဏ်သင့်ခံစားရသော ဒေသများမှ ပြည်သူများ အားလုံးထံသို့ရောက်ရှိအောင် အမြန်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် လှူဒါန်းပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံအစိုးရဘက်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ လက်ထောက်အကြီးအကဲ H.E Fajar setyawan SIPနှင့်ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာရန်တိုက လှူဒါန်းပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းပစ္စည်းများအား လိုက်လံကြည့်ရှုသည်။

ယနေ့ အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသောပစ္စည်းများမှာ တာပေါ်လင်လိပ် ၁၀၀၀၊ ရွက်ဖျင်တဲ ၁၅ စုံ၊ မိသားစုရွက်ဖျင်တဲ အစုံ ၁၅၀၊ အသင့်စား အစားအစာထုပ် ၁၅၀၀၀၊ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ အစုံ ၁၅၀၀၊ စောင်အထည် ၅၀၀၀၊ မွေ့ရာ အခု ၂၀၀၊ မီးစက် (2KVA) အလုံး ၁၀၀ တို့ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ စားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**သနပ်ပင် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများ ဈေးနှုန်း ချိုသာစွာဖြင့် စားသောက်ကုန်ပစ္စည်းများအား ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက မြို့မဈေးတံတားထိပ်၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။





**ဈေးနှုန်းချိုသာစွာ ရောင်းချ**

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်အတွင်း ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက ဆန်တစ်ပြည်ကျပ် ၂၇၀၀၊ ဘဲဥတစ်လုံးကျပ် ၂၈၀၊ ငါးမြစ်ချင်းတစ်ပိဿာကျပ် ၅၀၀၀၊ ဝက်သားတစ်ပိဿာကျပ် ၁၄၀၀၀၊ ငါးမုတ်တစ်ပိဿာကျပ် ၄၀၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။

အဆိုပါစားသောက်ကုန်ပစ္စည်းများ ရောင်းချပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ အိုင်တုံချောင်းသဘာဝရေပြင်အတွင်းသို့ ငါးကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်

**ကျောက်တံခါး ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဒေသအတွင်း ငါးသယံဇာတ တိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးတုံးပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် ညောင်လေးပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ အိုင်တုံချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အိုင်တုံချောင်းတံတား၌ ကျင်းပသည်။





အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ ပဲခူးငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး အိုင်တုံချောင်း သဘာဝရေပြင်အတွင်းသို့ နှစ်လက်မ အရွယ်အစားရှိ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၃၀၀၀၀၀ အား အိုင်တုံချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၃ ခုနှစ် ဇွန် ၂၉ ရက် (ကြာသပတေးနေ့) "အီဒုလ်အဿွဟာ (ကုရ်ဘာနီအီးဒ်)"နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နယ်စပ်ဒေသနှင့် ကျေးလက်မြို့ပြနေ အမျိုးသမီးငယ်လေးများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ အထည်ချုပ်စက်ရုံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းများ တက်ရောက်အောင်မြင်ပြီးသည့် တိုင်းရင်းသူ အမျိုးသမီးငယ်များကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ရက်သတ္တ လေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

နေပြည်တော် ဇွန် ၂၆

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၁၉ မှ ၂၀ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် မြေထောက်ပဲတန်ချိန် ၃၃ တန်၊ ဆန်ကွဲ တန်ချိန် ၉၇ တန်၊ တစ်သျှူးငှက်ပျော တန်ချိန် ၆၄ တန်နှင့် ပြောင်းတန်ချိန် ၄၄ တန် တို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျောတစ်တန်လျှင် ၃၃၃ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ၂၉၆ ဒေါ်လာဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ထွန်စက် ၂၁ စီး၊ စပါးရိတ်စက် ငါးခု၊ မီးဖိုချောင်သုံးပစ္စည်းတန်ချိန် ၆၃ ဒသမ ၂၀တန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြားတန်ချိန် ၆၄ တန်၊ ပိတ်လိပ်တန်ချိန် ၄၉ ဒသမ ၈၀တန်၊ ကုန်စုံတန်ချိန် ၂၉ ဒသမ ၂၀ တန်၊ စက်နှင့် စက်ပစ္စည်း တန်ချိန် ၁၄ ဒသမ ၅၀ တန်၊ ဓာတ်မြေဩဇာ တန်ချိန် ၃၂ တန်၊ ဂျပ်စက္ကူတန်ချိန် ရှစ်တန်နှင့် ဂျပ်ဖာ တန်ချိန် ၅ ဒသမ ၅၀ တန် တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် လေးဘီး ထွန်စက် တစ်စီးလျှင် ဒေါ်လာ ၈၀၀၀ ၊ နှစ်ဘီးထွန်စက် တစ်စီးလျှင် ဒေါ်လာ ၆၀၀ ၊ စပါးရိတ်စက်တစ်စီးလျှင် ဒေါ်လာ ၁၀၄၀၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး Galvanized Iron Angle တစ်တန်လျှင် ၆၅၈ ဒေါ်လာ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး Iron Sheet တစ်တန်လျှင် ၇၀၅ ဒေါ်လာ၊ ပိတ်လိပ်တစ်တန်လျှင် ၅၉၉ ဒေါ်လာ၊ ဓာတ်မြေဩဇာ တစ်တန်လျှင် ဒေါ်လာ ၃၅၁ ၊ ဂျပ်စက္ကူ တစ်တန်လျှင် ဒေါ်လာ ၃၅၀ နှင့် ဂျပ်ဖာတစ်တန်လျှင် ဒေါ်လာ ၃၈၀ ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇွန် ၁ ရက်တွင် တစ်ယွမ်လျှင် ၄၁၃ ငွေကျပ်ဖြစ်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် တစ်ယွမ်လျှင် ၄၁၈ ကျပ်ဖြစ်ရာ မြန်မာကျပ်ငွေ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

## ကရင်ပြည်နယ် ရော်ဘာအစေးခြစ်လုပ်ငန်းမှ အမြတ်အစွန်းရရှိ



နေပြည်တော် ဇွန် ၂၆

ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှု အခြေအနေများမှာ စိုက်ဧက ၂၇၁၂၇၁ ဧက၊ ရိတ်သိမ်းဧက ၂၆၀၆၆၁ ဧကဖြစ်ပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂ ဒသမ ၈၇ ပေါင် ထွက်ရှိကာ ပျမ်းမျှအထွက်နှုန်း ၁၈၉၉၄၃၆၇ ဒသမ ၀၇ ပေါင် ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

သာမညကျေးရွာတွင် ရော်ဘာစိုက်ဧက ၁၁ ဧကအတွက် စိုက်ပျိုးမှုအနေဖြင့် ပင်ကြားတန်းကြား ၂၀ ပေ x ၁၀ ပေဖြင့် ရော်ဘာပင် ၁၅၇၁ ပင် စိုက်ပျိုးထားရှိပြီး သက်တမ်းအနေဖြင့် ခုနစ်နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ စိုက်ပျိုးပြီး ငါးနှစ်အကြာတွင် ရော်ဘာအစေး စတင်ခြစ်ယူရပြီး ရော်ဘာအစေးခြစ်လုပ်ငန်းဆောင်ရွက်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။ ကုန်ကျစရိတ်အနေဖြင့် ရော်ဘာ ၁၁ ဧကအတွက် ရော်ဘာအစေးခြစ်ကာလ ရှစ်လ(တစ်ရာသီ)လျှင် သွင်းအားစု မြေဩဇာ၊ လုပ်သားခများ စုစုပေါင်းငွေကျပ် သိန်း ၄၀ ခန့် ကုန်ကျပြီး လစဉ်ရော်ဘာအစေးခြစ်/ ကုန်ကြမ်းထုတ်လုပ်မှုအတွက် တစ်လလျှင်ငွေကျပ် ခြောက်သိန်းနှုန်းဖြင့် ရှစ်လ (တစ်ရာသီ) အတွက် ငွေကျပ် ၄၈ သိန်း၊ ရှစ်လ(တစ်ရာသီ) အတွက် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် ၈၈ သိန်း ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

ရော်ဘာ ၁၁ ဧကအတွက် အထွက်နှုန်း အနေဖြင့် တစ်လပျမ်းမျှအထွက်နှုန်း ၁၃၄၄ ပေါင်နှုန်း ဖြင့် ရှစ်လ(တစ်ရာသီ)အထွက်နှုန်း ၁၀၇၅၂ ပေါင်ခန့်ထွက်ရှိခဲ့ကြောင်း၊ ဝင်ငွေအနေဖြင့် တစ်ပေါင်လျှင် ပျမ်းမျှရောင်းဈေး ငွေကျပ် ၁၃၄၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၄၄၀၇၆၈၀ ဝင်ငွေရရှိခဲ့သောကြောင့် ရော်ဘာ ၁၁ ဧက၏ အသားတင် အကျိုးအမြတ်မှာ ငွေကျပ် ၅၆၀၇၆၈၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ် ရော်ဘာဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင် ငွေကျပ် ၁၂၂၀ ဖြစ်ပြီး ယခုနှစ် ရာသီသိမ်းချိန်တွင် တစ်ပေါင်လျှင် ငွေကျပ် ၁၃၄၀ အထိဈေးနှုန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ဈေးကွက် အနေဖြင့် မန္တလေးမြို့နှင့် ထိုင်းနိုင်ငံမှ အဓိကဝယ် လိုအား မြင့်တက်လာမှုနှင့်အတူ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကရင်ပြည်နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ရော်ဘာအစေး ခြစ်လုပ်ငန်းမှ အမြတ်အစွန်းရရှိခဲ့ကြောင်း သိရသည်။

## ရမည်းသင်းခရိုင်၌ မိုးနေကြာများ အောင်မြင်ဖြစ်ထွန်း

နေပြည်တော် ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း မိုးနေကြာများကို ဇွန်လဆန်းမှစတင်၍ စိုက်ပျိုးပြီး စက်တင်ဘာလကုန်တွင် ရိတ်သိမ်းမည် ဖြစ်ကြောင်း၊ မျိုးသန့်နေကြာမျိုးစေ့များကို နှစ်ပြည်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရပြီး တစ်ဧကလျှင် နှစ်ပြည်အိတ် နှစ်အိတ် ကြဲပက်ရကြောင်း၊ စိုက်ပျိုးသော နေကြာအမျိုးအစားများမှာ ဆင်ရွှေကြာ (၂) မျိုး၊ ရေဆင်း(၁)မျိုးနှင့် ရာစောင့်တဲနေကြာမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်၌ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျပြီး တင်း၂၀ မှ ၂၅ တင်းအထိ ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ရရှိသဖြင့် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း၊ လက်ရှိဈေးကွက်အတွင်း နေကြာစေ့ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၊ နေကြာဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၆

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၃၆၁ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ ဒေါ်လာသန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၄ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၂၅၁ ဒသမ ၀၄ တန်၊ ကဏန်း ၂၂ ဒသမ ၈၅ တန်၊ ငါးမျိုးစုံ ၅၉ ဒသမ ၆၀ တန်၊ ပုဇွန် ၁ ဒသမ ၁၀ တန်၊ ငှက်ပျောသီး တန် ၃၀၊ တံမြက်စည်း အခု ၂၄၀၀၀ တို့ တင်ပို့နိုင်ခဲ့ပြီး အဓိက တင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ အသီးများ ခြောက်တန်၊ ငါးသေတ္တာဘူးခွံ ၅ ဒသမ ၄၉ တန်ဖြစ်သည်။ ဇွန် ၂၆ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၁၅၀ ၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၆ ဒသမ ၉၆ ကျပ်ခန့်ရှိပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဘတ်ဈေးအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

### ၂၆-၆-၂၀၁၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၅၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၈၆၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၈၆၀၀ | ၇၅၀၀ | ၄၄၀၀ | ၉၈၀၀ | ၈၀၀ | ၇၈၀၀ | ၆၀၀၀ | ၄၄၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၃၅၀ | ၂၉၅၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၇၄၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၉၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၇၄၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၇၄၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၈၀၀ | ၇၈၀၀ | | ၉၀၀၀ | ၆၀၀ | ၈၃၀၀ | ၆၇၀၀ | ၃၂၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၅၀ကျပ်၊ ရန်ကုန်တွင် ၂၀၀ကျပ်၊ မန္တလေးတွင် ၁၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ရန်ကုန်တွင် ၁၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ပြည်တွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၃၅၀ကျပ်၊ စစ်တွေတွင် ၈၀၀ကျပ်၊ မုံရွာတွင် ၆၀၀ကျပ်၊ မန္တလေးတွင် ၁၀၀ကျပ်၊ ပခုက္ကူနှင့် ပဲခူးတွင် ၄၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ပြည်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၆၀၀ကျပ်၊ ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ဟားခါးတွင် ၂၀၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ (ကြူကုတ်) တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ် ၊ ထားဝယ်တွင် ၁၀၀ကျပ်၊ ရန်ကုန်တွင် ၂၅၀၀ကျပ်၊ မြစ်ကြီးနား၊ ပခုက္ကူနှင့် ပဲခူးတွင် ၅၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ရန်ကုန်တွင် ၃၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ကလေးတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပြည်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပြည်တွင် ၃၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်နှင့် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ထားဝယ်တွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၃၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ပဲခူးတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်- ၄၆၀ ပေါ်တွင် ဆောက်လုပ်ထားသော ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၄) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၄၆၀) ဟုခေါ်တွင်သည့် (၃) ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း (၁၄ ပေ ၉ လက်မx ၅၄ ပေ)ရှိသော ဒုတိယထပ် (အလယ်ခန်း)၊ အခန်းအမှတ်- B3 တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရောင်းသူ **ဦးရဲပြည့်စိုးလှိုင် [၁၂/ဗတထ(နိုင်)၀၃၈၀၄၁]**မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၇)လမ်း၊ မြေကွက်အမှတ် (၁၀၂၄)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း၊ အကျယ်အဝန်း (၁၉ပေx ၅၄ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်မောင်ဝင်း [၁၂/ရပသ(နိုင်)၀၀၇၃၆၈]နှင့် ဒေါ်လွင်လွင်မြင့် [၁၂/မဂဒ(နိုင်)၁၂၀၇၃၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းအောင် [၁၂/ရကန(နိုင်)၀၂၄၄၉၃]၊ ဒေါ်စန်းကြည် [၁၂/ရကန(နိုင်)၀၂၄၄၇၇]၊ ဦးအောင်ဆက်ပိုင် [၆/ကသန(နိုင်) ၀၅၁၀၃၅]၊ ဒေါ်မြတ်ဆုမွန် [၁၂/တမန(နိုင်)၁၂၀၅၇၇]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂)**
**ဖုန်း ၀၉-၇၉၆၇၆၄၈၉၈**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

